# Information Sheet



**VOLUME I, ISSUE 14** 19 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၃ |
| ၃ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄ |
| ၄ | ကချင်ပြည်နယ်အတွင်းရှိ လူမှုကယ်ဆယ်ရေး အကျိုးခံစားခွင့်ရှိသူများနှင့် အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ် | ၆ |
| ၅ | ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် နယ်စပ်ဂိတ်အချို့ ပြန်လည်ဖွင့်လှစ်ပြီး ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့လျက်ရှိ | ၇ |
| ၆ | ပြည်သူလူထုထိခိုက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လှိုင်ကော်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၉ |
| ၇ | မြဝတီမြို့မှ LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်များအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မီးရှို့ဖျက်ဆီး | ၁၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၈ | PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ် | ၁၁ |
| ၉ | အင်းတော်မြို့ရှိ ရွှေဆိုင် ၁ ဆိုင်အား အကြမ်းဖက်သမား ၅ ဦးက သေနတ်နှင့် လက်လုပ်မိုင်းများအသုံးပြု ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ဓားပြတိုက်ယူဆောင် | ၁၃ |
| ၁၀ | မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်လျက်ရှိ | ၁၅ |
| ၁၁ | ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ | ၁၆ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်တွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ပညာရေးကိုအလေးထားပြီး မိမိတို့နိုင်ငံ၏ပညာရေးကို တိုးတက်စေလိုကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတစ်ခုတိုးတက်ရေးအတွက် အရေးကြီးပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများအားလုံးတွင် ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကား အခက်အခဲများနှင့် အခြားသောသွားလာရေး အခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရပြီး အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ၊ ဆရာမများ မပြည့်စုံမှုနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများ ရှိခဲ့ကြောင်း။
- ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်များရန်လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း။
- ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုပြီး သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လိုကြောင်း။
- ကျောင်းသား၊ ကျောင်းသူများ အားကစားပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း။
- ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများ ရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။
- တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန် လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား၊ ကျောင်း






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားနေမှု**

သူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန် လိုကြောင်း။

- တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေး မဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက် ရခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်း သူများ၏တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း ဆိုင်ရာများ တိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့ လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ တိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း။
- မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ ဆောင်ရွက် ချိန်တွင် အလုပ်ကို အလေးထားခြင်း၊ အချိန်ကိုလေးစား ခြင်းများဖြင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များ ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ရရှိ နိုင်မည်ဖြစ်ကြောင်း။
- ဆရာ၊ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် ပညာသင်ကြားပေးကြခြင်းဖြစ်၍ မိမိတို့အနေဖြင့် ဆရာ၊ ဆရာမများအား ပညာအရည်အချင်းအလိုက် ခံစားမှုများ အား တိုးမြှင့်ပေးခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- သက်ဆိုင်ရာကဏ္ဍအလိုက် ဆရာ၊ ဆရာမများကိုလည်း တိုးတက်ပြောင်းလဲနေသည့် သင်ခန်းစာအသစ်များအား လေ့လာနိုင်စေရေး မွမ်းမံသင်တန်းများဖွင့်လှစ်သင်ကြား ပေးရန်လိုကြောင်းပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝင်များ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ ချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁-၂၀၂၂)**

- **ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိ။**
- **သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည် အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေ ပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေးသင်ကြားပေးနိုင်ရန်လိုပြီး ကျောင်းသား၊ ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတော ကြံဆမှုများရှိစေရန်လည်း လေ့ကျင့်သင်ကြားပေးရန်လို။**

- **တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန်လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား၊ ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လို။**
- **တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်။**
- **နိုင်ငံတော်အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများ ရရှိမည်ဖြစ်။**
- **ဆရာ၊ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် ပညာသင်ကြားပေးလျက်ရှိသောကြောင့် ဆရာ၊ ဆရာမများအား ပညာအရည်အချင်းအလိုက် ခံစားမှုများအား တိုးမြှင့်ပေးခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာ-တရုတ် နယ်စပ်မြို့များတွင် ကိုဗစ်-၁၉ စင်တာများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာ-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးသည် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိကြောင်း။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၌ အကူအညီပေးထားသည်များရှိသကဲ့သို့ ဆက်လက်၍ အကူအညီပေးလိုသည့်ကိစ္စရပ်များလည်းရှိကြောင်း။

- မိမိတို့နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အသိပေးထားရှိပြီးဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်သကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သောဆိုးကျိုးများလည်း လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဗွီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁-၂၀၂၂)**

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးသည် မြန်မာ-တရုတ်နယ်စပ် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိ။**
- **တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၌ အကူအညီပေးထားသည်များရှိသကဲ့သို့ ဆက်လက်၍ အကူအညီပေးလိုသည့် ကိစ္စရပ်များလည်းရှိ။**
- **မိမိတို့နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အသိပေးထားရှိပြီးဖြစ်။**
- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်သကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သောဆိုးကျိုးများလည်း လျော့နည်းသွားနိုင်မည်ဖြစ်။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၁၈ ရက်အထိ လူဦးရေစုစုပေါင်း ၂၁ ဒသမ ၅ သန်းအား ထိုးနှံပေးပြီး ဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၇ ဒသမ ၈ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၇ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၃၉ ဒသမ ၂ သန်း ထိုးနှံပြီးဖြစ်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၁၈ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၃၈၆,၆၆၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၃၈,၈၉၄ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ဇန်နဝါရီလ ၁၈ ရက်တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသည့် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ။
- မြန်မာနိုင်ငံ၌ ၁၈-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၁၁၈ ဦး ရှိပြီး ပြည်ပမှ Relief Flight



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးနေသည့် မှတ်တမ်းဓာတ်ပုံများ



ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး IDPs စခန်း၌ ခိုလှုံနေကြသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု

များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၁၁၆ ဦးနှင့် ၎င်းတို့နှင့် ထိတွေ့သည့်မိသားစုဝင် ၂ ဦးတို့ဖြစ်ပါသည်။ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၁၆ ဦးမှာ မြန်မာနိုင်ငံသား ၁၀၁ ဦးနှင့် နိုင်ငံခြားသား ၁၅ ဦးတို့ဖြစ်ပြီး ယူအေအီးနိုင်ငံမှ ၁၇ ဦး၊ မလေးရှားနိုင်ငံမှ ၁၉ ဦး၊ အိန္ဒိယနိုင်ငံမှ ၆၇ ဦး၊ ထိုင်းနိုင်ငံမှ ၆ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ၆ ဦးနှင့် စင်ကာပူနိုင်ငံမှ ၁ ဦးတို့ဖြစ်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ၁၉-၁-၂၀၂၂ ရက်တွင် ချင်းပြည်နယ်ရှိ ဟားခါးမြို့နယ်အား မိမိနေအိမ်တွင် နေထိုင်နိုင်ရေး (Stay at Home) အစီအစဉ်အဖြစ် သတ်မှတ်ထားခြင်းမှ ထပ်မံပယ်ဖျက်ခဲ့ပါသည်။ မိမိနေအိမ်၌ နေထိုင်နိုင်ရေးအစီအစဉ်တွင် အကျုံးဝင်သည့် (Stay at Home) ၁၁၉ မြို့နယ်သတ်မှတ်ခဲ့ရာ ၁၉-၁-၂၀၂၂ ရက်တွင် အဆိုပါမြို့နယ်အားလုံးအား (Stay at Home) အစီအစဉ်မှ ပယ်ဖျက်ပြီးဖြစ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ-

- ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်၊ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်၊ ရှမ်းပြည်နယ် မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၈-၁-၂၀၂၂ ရက်အထိ ၆၁,၉၇၃ ဦး ပြန်လည်ဝင်ရောက်လာခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၈ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀,၈၂၄ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၅၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၈-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၂၃,၇၀၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၃,၄၀၈ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၉,၃၀၅ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၁-၂၀၂၂)**



ပြည်ပမှ ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံနေမှု

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၁၈ ရက်အထိ လူဦးရေ စုစုပေါင်း ၂၁ ဒသမ ၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၇ ဒသမ ၈ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၇ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၃၉ ဒသမ ၂ သန်း ထိုးနှံပြီးဖြစ်။**
- **၁၈-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၁၁၈ ဦးတို့မှာ ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၁၁၆ ဦးနှင့် ၎င်းတို့နှင့်ထိတွေ့သည့် မိသားစုဝင် ၂ ဦးတို့ဖြစ်။**
- **၁၉-၁-၂၀၂၂ ရက်တွင် ချင်းပြည်နယ်ရှိ ဟားခါးမြို့နယ်အား မိမိနေအိမ်တွင် နေထိုင်နိုင်ရေး (Stay at Home) အစီအစဉ်အဖြစ် သတ်မှတ်ထားခြင်းမှ ထပ်မံပယ်ဖျက်ခဲ့။**
- **ကချင်ပြည်နယ်၊ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ဂိတ်၊ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်၊ ရှမ်းပြည်နယ် မူဆယ်နယ်စပ်ဂိတ်နှင့် လောက်ကိုင်နယ်စပ်ဂိတ်တို့မှတစ်ဆင့် ပြန်လည်လက်ခံခဲ့ရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၈-၁-၂၀၂၂ ရက် အထိ ၆၁,၉၇၃ ဦး ပြန်လည်ဝင်ရောက်လာခဲ့။**
- **၁၈-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၂၃,၇၀၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၃,၄၀၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၀၅ ဦးဖြစ်ပြီး ၁၈-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၅၁ ရာခိုင်နှုန်းရှိ။**

## ကချင်ပြည်နယ်အတွင်းရှိ လူမှုကယ်ဆယ်ရေး အကျိုးခံစားခွင့်ရှိသူများနှင့် အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်

၂၀၂၁-၂၀၂၂ ခြောက်လပတ်ဂျက်အတွက် ကချင်ပြည်နယ်အတွင်းရှိ အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်း ပရဟိတ ဂေဟာများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ခြင်းနှင့် ယာယီခိုလှုံရာနေရာမှ ပြန်လည်ပြောင်းရွှေ့သည့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို ဇန်နဝါရီလ ၁၆ ရက်တွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက-

- ကချင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၂ ခု၊ မသန်စွမ်းဂေဟာတစ်ခုနှင့် ဘိုးဘွားရိပ်သာ ၁ ခု တို့အတွက်




ထောက်ပံ့ငွေကျပ် ၄၃,၄၀၃,၀၀၀၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ထောက်ပံ့ငွေကျပ် ၁၅,၉၁၀,၀၀၀ အားလည်းကောင်း။

- အသက် (၈၅) နှစ်နှင့်အထက် ဘိုးဘွား ၄,၈၄၀ အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ် ၁၄၅,၂၀၀,၀၀၀ အားလည်းကောင်း။
- ပူတာအိုမြို့၊ ဒုတ်ထာရပ်ကွက်နှင့် လုံးစွတ်ရပ်ကွက်ရှိ (IDP) စခန်းမှ ဇီဒမ်းကျေးရွာနှင့် ဒုတ်ထာရပ်ကွက်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည့် အိမ်ထောင်စု ၈၈ စုအတွက် ပြောင်းရွှေ့စရိတ်၊ စားနပ်ရိက္ခာတစ်လစာ ထောက်ပံ့ငွေကျပ် ၁၇,၃၇၈,၀၀၀၊ စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၂၁,၈၉၁,၀၀၀ တို့ကို အကျိုးခံစားခွင့်ရှိသူပုဂ္ဂိုလ်များထံ ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကျိုးခံစားခွင့်ရှိသူပုဂ္ဂိုလ်များက Social Distancing ပုံစံဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁-၂၀၂၂)**

- **ကချင်ပြည်နယ်အတွင်းရှိ အသက်(၈၅)နှစ်အထက် ဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ယာယီခိုလှုံရာနေရာမှ ပြန်လည်ပြောင်းရွှေ့သည့် တိုက်ပွဲရှောင်ပြည်သူများထံသို့ ထောက်ပံ့ငွေကျပ် ၂၂၁,၈၉၁,၀၀၀ အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့။**

## ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားသည့် နယ်စပ်ဂိတ်အချို့ ပြန်လည်ဖွင့်လှစ်ပြီး ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့လယ်ယာထွက် ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်တို့ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပဲမျိုးစုံကို အဓိကထားတင်ပို့လျက်ရှိပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်အထိ သုံးလကျော်ကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကပိုင်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁,၀၅၄ ဒသမ ၄၁၇ သန်းရရှိထားပြီး ယခင်နှစ် ကာလတူက ပုဂ္ဂလိကပိုင်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁,၃၁၃ ဒသမ ၉၆၁ သန်း ရရှိခဲ့ပါသည်။



မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့လျက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများ




လွယ်ဂျယ်-လိုင်းရင်းနယ်စပ်ဂိတ်ပြန်လည်ဖွင့်လှစ်ကာ နှစ်နိုင်ငံကုန်သွယ်မှု ပြန်လည်စတင်နေမှု


ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာ နယ်စပ်ဂိတ်မှ ကုန်သွယ်မှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လလယ်ခန့်မှစတင်၍ ခြောက်လခန့်ရပ်နားခဲ့ရာ ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေး ပြန်လည်စတင်ခဲ့ပါသည်။

ကုန်စည်စီးဆင်းမှုများကို ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းများနှင့်အညီ လုပ်ကိုင်စေလျက်ရှိပြီး ကုန်တင်ကုန်ချ အလုပ်သမားများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူများကိုသာ ဆောင်ရွက်ခွင့်ပြုလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၁-၂၀၂၂)**

- **၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက် အထိ သုံးလကျော်ကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကပိုင်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁,၀၅၄ ဒသမ ၄၁၇ သန်း ရရှိခဲ့။**
- **လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်မှ ကုန်သွယ်မှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လလယ်ခန့်မှစတင်၍ ခြောက်လခန့်ရပ်နားခဲ့ရာ ပြည်ပပို့ကုန်များတိုးမြှင့်ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေး ပြန်လည်စတင်ခဲ့။**

# ပြည်သူလူထုထိခိုက်မှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ




**လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားသည့် နေရာပြမြေပုံ**

တပ်မတော်အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ်ကြေညာ၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်အား ရယူပြီးနောက် နိုင်ငံတစ်ဝှမ်းလုံးတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ဆောင်ရွက်နေသည့်အပေါ် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ အကြမ်းဖက်သမားများဖြစ်သော PDF အမည်ခံသောင်းကျန်းသူများက နိုင်ငံတစ်ဝှမ်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုများ သေကြေပျက်စီး၍ အထိတ်တလန့်ဖြစ်ပွားကာ အစိုးရအပေါ် ယုံကြည်မှုပျက်ပြားလာစေရန် မြို့၊ ရွာများတွင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိရာတွင် ဇန်နဝါရီလ ၁၆ ရက်က ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်အတွင်းရှိ ပြည်သူလူထု၏ နေအိမ်အဆောက်အဦများတွင် အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ခိုအောင်း၍ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ရန် ပြင်ဆင်စုဖွဲ့လျက်ရှိကြောင်း သတင်းအရ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် နေအိမ်အဆောက်အဦများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လုံခြုံရေးကိစ္စရပ်များကို စနစ်တကျ ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ ထိုကဲ့သို့ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှုကို အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထုပိုင် နေအိမ်အဆောက်အဦများအား အကာအကွယ်ပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါနေ့ နေ့လယ် ၁၂ နာရီ ၂၅ မိနစ်မှ ညနေ ၂ နာရီ ၃၀ မိနစ်ထိ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၎င်းအပြင် လွိုင်ကော်မြို့နယ်၊ နန်းမယ်ခုံမြို့အတွင်း ခိုအောင်းရောက်ရှိလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်များက အင်အားဖြည့်လက်နက်ခဲယမ်းများကို ဖြန့်ဝေ၍ လွိုင်ကော်မြို့အတွင်းသို့ အကြမ်းဖက်သူများ ထပ်မံဖြည့်တင်းရန် နန်းမယ်ခုံမြို့အတွင်း စုဝေးလျက်ရှိပြီး အချို့အင်အားစုများမှာ လွိုင်ကော်မြို့အတွင်း အကြမ်းဖက်မှုလုပ်ငန်းများ အရှိန်မြှင့်လုပ်ဆောင်နိုင်ရန်ယာဉ်များဖြင့် ထွက်ခွာလာကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများက သတင်းပေးပို့လာသဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး သောင်းကျန်းသူများ၏ စစ်ကူပစ်ကူများအား တပ်မတော်က လေကြောင်းနှင့် အမြောက်တို့ဖြင့် ပိုင်းဖြတ်ပစ်ခတ်၍ ထိန်းချုပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအား သေကြေထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုများကို တားဆီးရန် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူလူထုနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၁-၂၀၂၂)**

- **အကြမ်းဖက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအား သေကြေထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုများကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုကို မလိုလားသော ပြည်သူလူထုနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ။**
- **ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုကို အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထုပိုင် နေအိမ်အဆောက်အဦများအား အကာအကွယ်ပြု၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့။**
- **တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများက သတင်းပေးပို့လာမှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်မှုမရှိစေရေး သောင်းကျန်းသူများ၏ စစ်ကူပစ်ကူများအား တပ်မတော်က လေကြောင်းနှင့် အမြောက်တို့ဖြင့် ပိုင်းဖြတ်ပစ်ခတ်၍ ထိန်းချုပ်ဆောင်ရွက်ခဲ့။**

---

## မြဝတီမြို့မှ LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်များအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မီးရှို့ဖျက်ဆီး



**PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မီးရှို့ဖျက်ဆီးခဲ့သည့် LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်**

ဩရကုမ္ပဏီမှ Fuso အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ် ၁ စီးသည် ရေးမြို့သို့ လည်းကောင်း၊ ချစ်လင်းမြိုင်ကုမ္ပဏီမှ Fuso အမျိုးအစား ၁၀ ဘီးမော်တော်ယာဉ် ၁ စီး သည် မော်လမြိုင်မြို့သို့လည်းကောင်း ထင်းအစားထိုး လောင်စာဆီအဖြစ်အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်(LP Gas)များ သယ်ဆောင်၍ ဇန်နဝါရီလ ၁၆ ရက်တွင် မြဝတီမြို့မှ ထွက်ခွာလာစဉ် မြဝတီ- ကော့ကရိတ်သွား အာရှလမ်းမကြီးအနီး အပြင်ကွင်းကလေးကျေးရွာ၏ အနောက်ဘက်မိတာ ၂၅၀၀ ခန့်အကွာသို့အရောက်၌ PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများ



**PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်မီးရှို့ဖျက်ဆီးခဲ့သည့် LP Gas အရည်များသယ်ဆောင်လာသည့် မော်တော်ယာဉ်အား မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေမှု**

ပြုလုပ်ခဲ့ရာ ယာဉ်မောင်းများဖြစ်ကြသည့် ဦးမင်းမင်းတွင် မီးလောင်ဒဏ်ရာများဖြင့် လည်းကောင်း၊ ဦးခင်မောင်သန်းတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးခဲ့ပြီး မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကာ ကျန်မော်တော်ယာဉ်တစ်စီးမှာ လက်နက်ငယ်ကျည်ထိမှန် ပျက်စီးခဲ့ပါသည်။

စက်မှုသုံး Gas အရည်များ၊ LP Gas အရည်များ၊ ကျန်းမာရေးသုံး အောက်ဆီဂျင်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိပြီး ၎င်းအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များကို အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုလားလျက်ရှိပါသည်။

အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးငြိမ်းသတ်ခြင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၇-၁-၂၀၂၂)**

- **မြဝတီမြို့မှ ထင်းအစားထိုးလောင်စာဆီအဖြစ်အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည် (LP Gas) များသယ်ဆောင်လာသည့် မော်တော်ယာဉ်များအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့ရာ ယာဉ်မောင်း ၂ ဦး သေဆုံးခဲ့ပြီး မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးခဲ့ကာ ကျန်မော်တော်ယာဉ်တစ်စီးမှာ လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့။**

## PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများကျူးလွန်လျက်ရှိသည့်အပြင် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပါသည်။



**အကြမ်းဖက်သမားများ အကြောင်းမဲ့သတ်ဖြတ်ခြင်းခံခဲ့ရသည့် ကိုရင်ကြီး ဇဝန (ခ) ငြိမ်းချမ်း (သေဆုံး)**

- ဇန်နဝါရီလ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီ ဘလူမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာ၊ ပန်းကုန်းသာဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ သက်တော်(၅၅) နှစ်၊ ဝါတော်(၂၂)ဝါထံသို့ ဆွမ်းလာပို့သည့် ဒါယကာ/ ဒါယိကာမများက ဆရာတော်အား မတွေ့ရှိရသဖြင့် လိုက်လံရှာဖွေရာ အဆိုပါဘုန်းကြီးကျောင်း၏အနောက်ဘက် လယ်ကွက်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဓါးဖြင့်ခုတ်၊ မီးဖြင့်ရှို့၍ သတ်ဖြတ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ်အပေါ်ပိုင်း ဓါးဒဏ်ရာများနှင့် အောက်ပိုင်းတွင် မီးရှို့ခံထားရသည့် ဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိခဲ့။
- အလားတူ မုံရွာမြို့၊ လက်ဇင်အုပ်စု၊ ရွာထောင်ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကိုရင်ကြီး ဇဝန(ခ) ငြိမ်းချမ်း (၃၈)နှစ်သည် ညပိုင်းတွင် စိန်ပန်းနီလမ်းမပေါ်၌ တစ်ပါးတည်း လမ်းလျှောက်နေစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူအမျိုးသားတစ်ဦးက တုတ်ဖြင့်ရိုက်နှက်ကာ ထွက်ပြေးသွားခဲ့သဖြင့် ကိုရင်ကြီးတွင် ယာဘက်နားအောက် ညိုမဲဒဏ်ရာ၊ ဝဲမျက်ခုံးအထက် စုတ်ပြဲဒဏ်ရာ၊ နားနှင့်နှာခေါင်းသွေးထွက် ဒဏ်ရာများဖြင့် ထိခိုက်ဒဏ်ရာရရှိ ပျံလွန်တော်မူခဲ့။

အကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်မှုကျူးလွန်ခဲ့ရာ ယနေ့အထိ သံဃာတော် ၂၀ ပါး ပျံလွန်တော်မူခဲ့ရပြီး ၇ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း သိရှိရပါသည်။

CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အနေဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသုံးပြုမည့် လက်နက်/ခဲယမ်းများကို အများပြည်သူယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းအချို့အတွင်း သို့ဝှက်သိမ်းဆည်းခြင်း၊ စခန်းချနေထိုင်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံခြင်းမရှိသည့် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားရေး သာသနာ့တာဝန်ထမ်းဆောင်နေသော ဘုရားသားတော်များအား အကြောင်းမဲ့ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ်ခြင်းများသည် မြန်မာလူမျိုးအများစု၏ ကိုးကွယ်ယုံကြည်ရာဖြစ်သော ဗုဒ္ဓဘာသာသာသနာတော် ညှိုးနွမ်းပျက်စီးစေခြင်းနှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ၍ နာကျည်းမုန်းတီးလျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁၈-၁-၂၀၂၂)**

- **PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာ၊ ပန်းကုန်းသာ ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော်အား ဘုန်းကြီးကျောင်း၏ အနောက်ဘက်လယ်ကွက်အတွင်း၌ ဓါးဖြင့်ခုတ်၊ မီးဖြင့်ရှို့၍ သတ်ဖြတ်ခဲ့။**
- **မုံရွာမြို့၊ လက်ဇင်အုပ်စု၊ ရွာထောင်ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကိုရင်ကြီးအား အကြမ်းဖက်သူအမျိုးသားတစ်ဦးက တုတ်ဖြင့်ရိုက်နှက်ကာ ထွက်ပြေးသွားခဲ့သဖြင့် ကိုရင်ကြီးတွင် ယာဘက်နားအောက် ညိုမဲဒဏ်ရာ၊ ဝဲမျက်ခုံးအထက် စုတ်ပြဲဒဏ်ရာ၊ နားနှင့်နှခေါင်းသွေးထွက်ဒဏ်ရာများဖြင့် ထိခိုက်ဒဏ်ရာရရှိ ပျံလွန်တော်မူခဲ့။**
- **အကြမ်းဖက်အဖွဲ့များသည် ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်မှုကျူးလွန်ခဲ့ရာ ယနေ့အထိ သံဃာတော် ၂၀ ပါး ပျံလွန်တော်မူခဲ့ရပြီး ၇ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးဖြစ်။**

## အင်းတော်မြို့ရှိ ရွှေဆိုင် ၁ ဆိုင်အား အကြမ်းဖက်သမား ၅ ဦးက သေနတ်နှင့် လက်လုပ်မိုင်းများအသုံးပြု ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ဓားပြတိုက်ယူဆောင်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ရှိ ရွှေဆိုင် ၁ ဆိုင်အား ဇန်နဝါရီလ ၁၆ ရက်တွင် အကြမ်းဖက်သမား ၅ ဦးက သေနတ်နှင့် လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ တန်ဖိုးငွေကျပ် ၃,၀၆၉ သိန်းခန့်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၁,၄၈၇ ခုကို ဓားပြတိုက် ခြိမ်းခြောက်ယူဆောင်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။

- ဖြစ်စဉ်မှာ အောင်ချမ်းသာရပ်ကွက်၊ သီတာအေးလမ်းရှိ "ဦးတင်အောင်+ ဒေါ်ခင်ခင်ကြီး"အမည်ဖြင့် ရွှေဆိုင်နှင့်အပေါင်ဆိုင်သို့ Mask အနက်ရောင် တပ်ဆင်ထားပြီး လျှာထိုးဦးထုပ်များ ကိုယ်စီဆောင်းထားသည့် အကြမ်းဖက်သမား ၅ ဦးက ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး ရွှေပေါင်ချင်ကြောင်းပြော၍ ဝင်ရောက်ခဲ့။
- ဆိုင်အတွင်းသို့အရောက်၌ ၎င်းတို့အနက် ၂ ဦးက ဦးတင်အောင်နှင့် ဒေါ်ခင်ခင်ကြီးတို့အား သေနတ်(အတို) ၂ လက်ဖြင့် ချိန်ရွယ်အကြပ်ကိုင်ကာ နေအိမ်အိပ်ခန်းအတွင်း ချုပ်နှောင်ခေါ်ဆောင်သွားခဲ့။
- ရွှေဆိုင်အရောင်းခန်းမ၌ ကျန်ရှိခဲ့သည့် အကြမ်းဖက်သမား ၃ ဦးက ဆိုင်ခန်း၏ မှန်ကောင်တာအတွင်းရှိ ကာလတန်ဖိုးငွေကျပ် ၃၀၆,၉၀၀,၀၀၀ ရှိ TA တံဆိပ်ပါ ရွှေထည်ပစ္စည်းမျိုးစုံ ၁,၄၈၇ ခု၊ အလေးချိန် ၁ ပိဿာ ၆၅ ကျပ်သားခန့်ကို မှန်ကောင်တာများအား ရိုက်ခွဲလုယက်ယူဆောင်ခဲ့။
- နေအိမ်အိပ်ခန်းအတွင်းနှင့် မှန်ကောင်တာအပေါ်တို့၌ ရေသန့်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၂ လုံးထောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားပါက လက်လုပ်မိုင်းများဖောက်ခွဲ၍ သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့။

NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် NUG အဖွဲ့၏ ငွေကြေးထောက်ပံ့မှုမရရှိခြင်း၊ တော်လှန်ရေးရန်ပုံငွေ အမည်ခံ အလှူငွေများကို အလွဲသုံးစားပြုလုပ်မှုများ၊ ခွဲဝေပေးမှုမရရှိတော့ခြင်းတို့ကြောင့် ဆက်ကြေးအဖြစ် လစဉ်ငွေကြေးအတင်းဓမ္မကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်းများပြုလုပ်လာသည့်အပြင် ကြီးမားသည့် ရာဇဝတ်မှုတစ်ခုဖြစ်သည့် ဓားပြတိုက်လုယက်မှုများအား ပိုမိုပြုလုပ်လာကြောင်းတွေ့ရှိရပါသည်။

ရွှေဆိုင်အား ခြိမ်းခြောက်အကြပ်ကိုင်၍ ဓားပြတိုက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့စစ်ဆေးရှာဖွေခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၁-၂၀၂၂)**

**အင်းတော်မြို့ရှိ ရွှေဆိုင် ၁ ဆိုင်အား အကြမ်းဖက်သမား ၅ ဦးက သေနတ်နှင့် လက်လုပ်မိုင်းများအသုံးပြု ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ဓားပြတိုက်ယူဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**







အကြမ်းဖက်သမားများ ဓားပြတိုက်နေသည့် CCTV မှတ်တမ်းဓာတ်ပုံများ



ရွှေဆိုင်မှ ပျက်စီးသွားသည့် ကောင်တာ



ဓားပြတိုက်ခံခဲ့ရသည့် ရွှေဆိုင်

- အင်းတော်မြို့ရှိ ရွှေဆိုင် ၁ ဆိုင်အား အကြမ်းဖက်သမား ၅ ဦးက သေနတ်နှင့် လက်လုပ်မိုင်းများအသုံးပြု ခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၁,၄၈၇ ခု၊ တန်ဖိုးငွေကျပ် ၃,၀၆၉ သိန်းခန့်ကို ဓားပြတိုက် ခြိမ်းခြောက်ယူဆောင်ခဲ့။

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်လျက်ရှိ



ငဖဲမြို့နယ်၌ ဘိန်းဖျက်ဆီးရေးလုပ်ဆောင်နေသည့် မှတ်တမ်းဓာတ်ပုံများ

လူသားမျိုးနွယ်အားလုံးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘိန်းစိုက်ပျိုးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

- မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်တွင် ဇန်နဝါရီလ ၇ ရက်မှ ၁၃ ရက်ထိ ဘိန်းဖျက်ဆီးရေးပူးပေါင်းစစ်ကြောင်း အဖွဲ့(၁) သည် နောင်ကျေးရွာ၊ တင်ပြင်းကျေးရွာနှင့် အထက်ဆင်လမ်းတွင် သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၂၁ ဒသမ ၅ ကေတို့ကိုလည်းကောင်း။
- အဖွဲ့ (၂) သည် ရေဖြူကျေးရွာ၊ ဘို့ကျေးရွာနှင့် ရှောက်ရင်းကျေးရွာတွင် သီးပွင့်ဆဲဘိန်းခင်း စုစုပေါင်း ၇ ဒသမ ၅ ကေတို့ကိုလည်းကောင်း သွားရောက်ဖျက်ဆီးခဲ့။

ဇန်နဝါရီလ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေးသွားကားလမ်း၌ DONG FENG ၂၂ ဘီးတွဲကား မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၉၉၀ ကီလိုနှင့် မြန်မာငွေကျပ် ၂၂ သိန်းတို့နှင့်အတူ တရားခံ ၂ ဦး၊ ယာဉ်အနီး မော်တော်ဆိုင်ကယ်မှ တရားခံ ၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံ ၄ ဦးကို ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပါသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၈-၁-၂၀၂၂)**

- **မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်ရှိ ကျေးရွာ ၅ ရွာတွင် ဇန်နဝါရီလ ၇ ရက်မှ ၁၃ ရက်ထိ ဘိန်းစိုက်ခင်း ၂၉ ကေ ကို ဖျက်ဆီးခဲ့။**
- **ဇန်နဝါရီလ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ရန်ကုန်-မန္တလေးသွားကားလမ်း၌ DONG FENF ၂၂ ဘီး တွဲကား မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၉၉၀ ကီလို ဖမ်းဆီးရမိခဲ့။**



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၉.၈ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိခဲ့မှု

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ




ဘားအံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပန်းခင်းစီမံချက်အား ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၎င်းစီမံချက်မှ မဲဆန္ဒရှင် ၃.၈ သန်းကျော်ကို နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် "ပန်းခင်း" စီမံချက်ဖြင့် ၃-၅-၂၀၂၁ ရက်မှ ၁၄-၁-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးပြီးစီးမှု အခြေအနေများမှာ -





**တနိုင်ငံ့ယန်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှု**

| မွေးရာပါနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | |
|---|---|---|---|---|---|
| အိမ်ထောင်စုလူဦးရေစာရင်း | | | ကိုင်ဆောင်လက်မှတ် | | |
| တရားဝင် အထစ | M အထစ | ပေါင်း | နိုင် ၃ (က) | နိုင် ၆(က) | ပေါင်း |
| ၂၈၀,၅၄၅ | ၁၄,၀၁၂ | ၂၉၄,၅၅၇ | ၃၁၆,၀၂၀ | ၁,၃၂၆,၁၄၉ | ၁,၆၄၂,၁၆၉ |

| ဥပဒေအရနိုင်ငံသားများအား ဆောင်ရွက်ပြီးစီးမှု | | | | | | |
|---|---|---|---|---|---|---|
| ကိုင်ဆောင်လက်မှတ် | | | | | | |
| ၁၀ နှစ်ပြည့် | | | ၁၈ နှစ်ပြည့် | | | ပေါင်း |
| နိုင် ၃(က) | ဧည့် ၈(က) | ပြု ၁၀(က) | နိုင် ၆(က) | ဧည့် ၄(က) | ပြု ၆(က) | |
| ၈,၃၆၅ | ၁၃ | ၂၉၇ | ၄၂,၁၂၉ | ၈၈ | ၂,၁၆၆ | ၅၃,၀၅၈ |

မှတ်ချက်။နိုင်၃(က)၊ ဧည့်၈(က)၊ ပြု၁၀(က)= ၁၀နှစ်ပြည့်နိုင်/ဧည့်/ပြု

နိုင်၆(က)၊ ဧည့်၄(က)၊ ပြု၆(က) = ၁၈နှစ်ပြည့်နိုင်/ဧည့်/ပြု

တရားဝင် အထစ=တရားဝင် အိမ်ထောင်စုစာရင်း

M အထစ=ရွှေ့ပြောင်း အိမ်ထောင်စုလူဦးရေစာရင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ "ပန်းခင်း" စီမံချက် အောင်မြင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၉-၁-၂၀၂၂)**

- **တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် "ပန်းခင်း"စီမံချက်ဖြင့် ၃-၅-၂၀၂၀ ရက်မှ ၁၄-၁-၂၀၂၂ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းကတ်ပြား စုစုပေါင်း ၂၉၈,၅၆၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (ကိုင်ဆောင်လက်မှတ်) စုစုပေါင်း ၁,၆၉၅,၂၂၇ ခုထုတ်ပေးခဲ့ပြီးဖြစ်။**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ



တပ်ကုန်းမြို့နယ်



ကျိုင်းတုံမြို့နယ်



ကော့သောင်းမြို့နယ်




ဘုတ်ပြင်းမြို့နယ်



ရေဖြူမြို့နယ်



မိုင်းရယ်မြို့နယ်